## မြန်မာစစ်အစိုးရ၏ ဆက်လက်ဖမ်းဆီးနေမှုအပေါ် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ပြစ်တင်ရှုတ်ချ
## ၂၈ နိုဝင်ဘာ ၂၀၀၇

ပြီးခဲ့တဲ့စက်တင်ဘာလ ရဟန်းရှင်လူ ပြည်သူတွေရဲ့ ငြိမ်းငြိမ်းချမ်းချမ်းဆန္ဒပြမှုကို မြန်မာစစ်အစိုးရက ရက်ရက်စက်စက် ပစ်ခတ်၊ ရိုက်နှက်၊ ဖမ်းဆီးနှိပ်ကွပ်ခဲ့တာကို မြင်တွေ့ခဲ့ရလို့ နိုင်ငံတကာအသိုင်းအဝိုင်းက ဝိုင်းဝန်း ပြစ်တင်ရှုတ်ချခဲ့ကြပါတယ်။ နောက်ပိုင်းမှာလည်း မြန်မာစစ်အစိုးရက ဖမ်းဆီးမှုတွေမရှိတော့ပါဘူးလို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာအီဘရာဟင် ဂမ်ဘာရီကို ကတိပေးပြောဆိုခဲ့ တာတွေရှိပေမယ့် အခုချိန်ထိ ဖမ်းဆီးမှုတွေ ဆက်ပြီးရှိနေသေးတာကို နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) ကြီးက မနေ့တုန်းက ကြေညာချက်တစောင်ထုတ်ပြန်ပြီး ပြစ်တင်ရှုတ်ချလိုက်ပါတယ်။ အကြောင်းစုံကို ဒေါ်လှလှသန်းက တင်ပြထားပါတယ်။

မြန်မာနိုင်ငံမှာ လောင်စာဆီဈေးနှုန်းအခြေခံတဲ့ စက်တင်ဘာလက ငြိမ်းချမ်းစွာဆန္ဒပြမှုတွေအပြီး မြန်မာ နိုင်ငံကို နိုဝင်ဘာလက ဒုတိယအကြိမ်သွားရောက်ခဲ့တဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ် မစ္စတာအီဘရာဟင် ဂမ်ဘာရီကို မြန်မာဝန်ကြီးချုပ်သစ် ဗိုလ်ချုပ်ကြီးသိန်းစိန်က နောက်ထပ်ဖမ်းဆီး မှုတွေ မပြုတော့ပါဘူးလို့ ကတိပေးခဲ့တဲ့အကြောင်း မစ္စတာဂမ်ဘာရီက ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ နိုဝင်ဘာလ လယ်က အစီရင်ခံသွားတာဖြစ်ပါတယ်။

ဒါပေမယ့်လည်း ဒီနေ့အထိ ဖမ်းဆီးမှုတွေ ဆက်လက်ရှိနေဆဲဖြစ်တာမို့ Amnesty International ခေါ် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက မြန်မာစစ်အစိုးရကို ပြစ်တင်ဝေဖန်လိုက်ပါတယ်။ မစ္စတာတီကူမားဟာ ဝါရှင်တန်ဒီစီအခြေစိုက် Amnesty International ရဲ့ အာရှရေးရာပြောခွင့်ရပုဂ္ဂိုလ်ဖြစ်ပါတယ်။

> “မြန်မာစစ်အစိုးရက ကုလသမဂ္ဂကိုပေးထားတဲ့ ကတိတွေဖြစ်တဲ့ နောက်ထပ်ဖမ်းဆီးမှုတွေကို မပြုလုပ်တော့ပါဘူးဆိုတဲ့ ကတိကိုချိုးဖောက်တာ တွေ့ရတဲ့အတွက် Amnesty International အနေနဲ့ အထူးပဲ စိတ်ပျက်မိပါတယ်။ ဒါ့အပြင် လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဟန့်တားတဲ့ အာဆီယံ ပဋိညာဉ် စာတမ်းကြီးကိုလည်း မြန်မာအစိုးရက လက်မှတ်ရေးထိုးထားတာဖြစ်ပါတယ်။ အခုမြန်မာနိုင်ငံမှာဖြစ်ပျက် နေတာက ရဟန်းသံဃာတော်တွေ၊ နိုင်ငံရေးခေါင်းဆောင်တွေကို ဆက်လက်ဖမ်းဆီးနေတာတွေ၊ အကျဉ်းချ တာတွေ၊ နှိပ်စက်တာတွေရှိနေတဲ့အချက်ပါပဲ” လို့ မစ္စတာကူးမားက ပြောသွားပါတယ်။

Amnesty ရဲ့ကြေညာချက်မှာ မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့တပ်ပေါင်းစုဥက္ကဋ္ဌ အရှင်ဂမ္ဘီရကို နိုဝင်ဘာလ ၄ ရက်နေ့က ဖမ်းဆီးခဲ့တာ၊ သူ့ကို နိုင်ငံတော်သစ္စာဖောက်မှုနဲ့ စွဲချက်တင်မယ်လို့ သတင်းတွေထွက်နေတာ၊ သူ့ရဲ့ မိသားစုဝင် ၂ ဦးကိုလည်း ဓားစာခံတွေအဖြစ် ဖမ်းဆီးသွားတာအပြင် နိုဝင်ဘာလ ၁၃ ရက်နေ့က လူ့အခွင့်အရေး လှုပ်ရှားသူ မစုစုနွေး အစိုးရဆန့်ကျင်ရေး ပိုစတာတွေကပ်မှုနဲ့ သူနဲ့အဖော်တဦးကို ဖမ်းဆီးခဲ့တာ၊ နိုဝင်ဘာလ ၁၄ ရက်နေ့က လက်ကမ်းစာစောင်တွေဝေလို့ လူအနည်းဆုံး နောက်ထပ် ၃ ဦးကို ဖမ်းဆီးခဲ့တာ၊ နိုဝင်ဘာလ ၁၅ ရက် နေ့က ရခိုင်မှာ ဘုန်းတော်ကြီးကျောင်းတကျောင်းကို အာဏာပိုင်တွေက ဝင်စီးနင်းတာ၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှာ အဲန်အယ်လ်ဒီအဖွဲ့ဝင် ဦးမြင့်နိုင်နဲ့ တိုင်းရင်းသားရခိုင်ခေါင်းဆောင်တယောက်ဖြစ်တဲ့ ဦးတင်အုန်းတို့ကို ဖမ်းဆီးခဲ့တာ၊ နိုဝင်ဘာလ ၂၀ နဲ့ ၂၁ ရက်နေ့တို့မှာ ဦးပုကျော့်ရှင်းထန်၊ ဦးနိုင်ငွေသိန်း စသဖြင့်တို့ကို ဖမ်းဆီးမေးမြန်းပြီး နောက်ပိုင်း မှာ ပြန်လွှတ်ပေးခဲ့တာနဲ့ နိုဝင်ဘာလ ၂၆ ရက်နေ့မှာ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတဦးဖြစ်တဲ့ ကိုအောင်ဇော်ဦးကို ဖမ်းဆီးခဲ့တာတွေကိုလည်း ကြေညာချက်မှာထောက်ပြထားပါတယ်။

အခုလို ဖမ်းဆီးမှုတွေ ဆက်လက်ရှိနေတာနဲ့ပတ်သက်လို့ မစ္စတာကူးမားက ...

"မကြာသေးခင်က ဆန္ဒပြမှုတွေအတွင်း လူအနည်းဆုံး ၇၀၀ ဖမ်းဆီးထားတဲ့မှတ်တမ်းတွေ ကျနော်တို့မှာရှိပါတယ်။ ဒီ့အပြင် ဆန္ဒပြမှုတွေမတိုင်မီက အကျဉ်းကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသား ၁၂၀၀ လည်း ရှိနေပါသေးတယ်" လို့ မစ္စတာကူးမားက ပြောသွားပါတယ်။

ဒီ့ကြောင့်လည်း Amnesty International အနေနဲ့ မြန်မာစစ်အစိုးရကို အခုလိုတိုက်တွန်းတဲ့အကြောင်း မစ္စတာကူးမားက ပြောပါတယ်။

"မြန်မာစစ်အစိုးရအနေနဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို ချက်ချင်းနဲ့ ချွင်းချက်မရှိ ပြန်လွှတ်ပေးဖို့ Amnesty International က တောင်းဆိုပါတယ်။ ဒီ့အပြင် မြန်မာနိုင်ငံသားတွေ ငြိမ်းချမ်းစွာ စုဝေးခွင့်ပြုဖို့နဲ့ အဖမ်းအဆီးတွေရပ်ဖို့ တောင်းဆိုပါတယ်။ ဒါပေမယ့် လက်တွေ့မှာတော့ ဒါတွေကို မမြင်တွေ့ရသေးပါဘူး။ ပြန်လွှတ်ပေးတာတွေရှိသလို တချိန်တည်းမှာပဲ ဖမ်းဆီးတာတွေလည်းရှိနေတာ တွေ့ရတယ်" လို့ မစ္စတာကူးမားက ပြောသွားပါတယ်။

ဒီ့အပြင် ကုလသမဂ္ဂအထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီ မြန်မာနိုင်ငံကို အခုနောက်ဆုံးခရီးထွက်ရာက အပြန်မှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ပါးလိုက်တဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် သူမအနေနဲ့ မြန်မာစစ်အစိုးရနဲ့ဆွေးနွေးဖို့ အဆင်သင့်ရှိတယ်ဆိုတဲ့ကြေညာချက်ကို Amnesty International က ကြိုဆိုပြီး နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ နိုင်ငံ့အကျိုးသယ်ပိုးနိုင်ဖို့ သူ့ကို အမြန်ဆုံးပြန်လွှတ်ပေးသင့်တယ်လို့လည်း Amnesty International က ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းနဲ့ ချွင်းချက်မရှိပြန်လွှတ်ပေးဖို့ Amnesty International က တောင်းဆိုပါတယ်။ သူမကို မြန်မာနိုင်ငံအတွင်း တွေ့ဆုံလိုသူတွေနဲ့ တွေ့ဆုံခွင့်ပြုဖို့၊ ဆွေးနွေးနိုင်ဖို့ကိုလည်း လွတ်လွတ်လပ်လပ်သွားလာခွင့် ပြုသင့်ပါတယ်။ Amnesty အနေနဲ့ မြန်မာစစ်အစိုးရကို တောင်းဆိုချက်တွေအနေနဲ့ ဒါဟာ အဓိကအချက်တချက်ပါပဲ" လို့ မစ္စတာကူးမားက ပြောသွားပါတယ်။

"ဒီ့အပြင် မြန်မာ့အရေးပြဿနာအဖြေရှာရာမှာ မြန်မာ့အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ မြန်မာစစ်အစိုးရအပေါ် လွှမ်းမိုးမှုအရှိဆုံးဖြစ်တဲ့ တရုတ်နဲ့အိန္ဒိယတို့ကိုလည်း ကြားဝင်ဆောင်ရွက်ပေးဖို့ Amnesty က တိုက်တွန်းတဲ့အကြောင်း"လည်း မစ္စတာကူးမားက ပြောသွားပါသေးတယ်။